# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်းအတည်ပြုချက်နှင့်စပ်လျဥ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်အမှတ်စဉ်(၄/၂၀၁၅)

၁။ ၂၀၁၅ခုနှစ်မတ်လ၃၁ရက်နေ့ တွင်ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး ဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT)တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘော တူစာချုပ်မူကြမ်းကိုနှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်းအတည်ပြုလက်မှတ်ရေးထိုး နိုင်ခဲ့ခြင်းသည်မြန်မာနိုင်ငံ၏သမိုင်းဝင်အောင်မြင်မှုတစ်ရပ်အဖြစ်မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အ ရေးကော်မရှင်မှဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ဤဆွေးနွေးပွဲမှရရှိထားသောသဘောတူစာချုပ် (အတည်ပြုမူကြမ်း) ကိုသက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးတို့က မိမိတို့၏ခေါင်းဆောင်များထံ တင်ပြ အတည်ပြုချက်များရယူပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) ကိုတရားဝင်လက်မှတ်ရေးထိုးကြမည်ဖြစ်ရာ အဆိုပါလုပ်ငန်းစဉ်အားချောမွေ့လျင်မြန်စွာအကောင်အထည်ဖော်နိုင်လိမ့်မည်ဟုကော်မရှင်အနေ ဖြင့်မျှော်လင့်ပါသည်။

၃။ ယင်းကဲ့သို့တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို ချောမွေ့ လျင်မြန်စွာ လက်မှတ်ရေးထိုးနိုင်ခြင်းအားဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒနှင့် အညီရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများ စတင် ကျင်းပနိုင်ရန် များစွာအထောက်အကူဖြစ်စေမည်ဟု ကော်မရှင်အနေဖြင့်ယုံကြည်ကြောင်း ဖော်ပြ အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်